ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်း အစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့ အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်း

## စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များအား (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်းအတွက် သင်ရိုးညွှန်းတမ်းပြုစုရေးသားခြင်း | ၂ |
| ၄။ | ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းအသစ်အား မိတ်ဆက်သင်တန်းများပို့ချခြင်း | ၆ |
| ၅။ | (၄)နှစ်သင် ပညာရေးအထူးပြုဘွဲ့အစီအစဉ်များသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော အရင်းအမြစ်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆရာလိုအပ်ချက်များ တွက်ချက်ခြင်း | ၇ |
| ၆။ | တွေ့ကြုံနိုင်မည့်စိန်ခေါ်မှုများ | ၈ |
| ၇။ | ရရှိမည့်အကျိုးကျေးဇူးများ | ၉ |
| ၈။ | နိဂုံး | ၁၀ |
| | နောက်ဆက်တွဲ | |

## ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်း


ဒေါက်တာစောပြုံးနိုင်၊ ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

ဒေါက်တာမေစန်းရီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန


**နိဒါန်း**

၁။ ပညာရေးဝန်ကြီးဌာနသည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း Comprehensive Education Sector Review(CESR)တွင် ဦးစားပေးဆောင်ရွက်ရမည့် အကြံပြုချက်များအပေါ်အခြေခံ၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan–NESP) ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာမြောက်အပြောင်းအလဲ(၉)ရပ်ကို ဖော်ထုတ်သတ်မှတ်၍ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မဟာဗျူဟာမြောက် အပြောင်းအလဲ(၉)ရပ်သည် “လူသားအားလုံးအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့်ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးဟူသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goal:4)ကို ပေါက်မြောက်အောင်မြင်ရန် ပညာရေးဝန်ကြီးဌာနကဆောင်ရွက်လျက်ရှိပါသည်။

၃။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(National Education Strategic Plan– NESP) (၂၀၁၆–၂၀၂၁)၏ အခန်း(၉) (ဆရာအတတ်ပညာနှင့်စီမံခန့်ခွဲမှု)တွင် မဟာဗျူဟာ(၂)လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး အရည်အသွေးမြှင့်တင်ခြင်း၊ လုပ်ငန်းအစီအစဉ်(၂)အရ ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များကို (၄)နှစ်သင်တန်း အထူးပြုဘွဲ့ အစီအစဉ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ဆရာအတတ်ပညာရေးအား စနစ်တကျပြုပြင်ပြောင်းလဲရာတွင် (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်သို့ အဆင့်မြှင့်ခြင်းအတွက် ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးနည်းလမ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်း၊သင်တန်းပေးခြင်း၊ လိုအပ်သည့် အရင်းအမြစ်များတွက်ချက်ခြင်း၊ ဆရာ၊ဆရာမလိုအပ်ချက် တွက်ချက်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၅။ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ ပညာရေးကောလိပ်များ၏ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေးမြှင့်တင်ခြင်းဖြင့် ကျောင်းသား/သူများသည်မိမိတို့ သင်ယူခဲ့သည်များကို လက်တွေ့အသုံးချနိုင်ပြီး လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အကြံပြုချက်များကို သင်ကြားရေးတွင် ထည့်သွင်းအသုံးပြုနိုင်မည့် အသိပညာ၊ကျွမ်းကျင်မှုများ ရရှိမည်ဖြစ်ပါသည်။

၆။ ဆရာအတတ်ပညာသင်ကြားခြင်းကို အကဲဖြတ်ဆန်းစစ်နိုင်ရေး၊အခြေခံ ပညာသင်ရိုးကို ကောင်းစွာအသုံးချနိုင်သော ပညာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုမြှင့်တင်ပေးရေး၊ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ရန်လိုအပ်သောဆရာ၊ ဆရာမအရေအတွက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ ကာလတိုအတွင်း ဆရာအတတ်ပညာရေးကို အရည်အချင်း ပြည့်မီစွာ

သင်ကြားနိုင်ရေး၊ ဘွဲ့ဒီဂရီပေးအပ်နိုင်ရေးတို့အတွက် ပညာရေးကောလိပ်များရှိ (၂)နှစ်သင်ဒီပလိုမာ သင်တန်းအစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်အဖြစ် မြှင့်တင်ရန်ရည်ရွယ်၍ ဤစာတမ်းကို ပြုစုတင်ပြရခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၇။ ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့ အစီအစဉ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပါမည်-

(က) အခြေခံပညာကျောင်းများရှိ လိုအပ်သောဆရာ၊ဆရာမအရေအတွက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ပြီး ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်တတ်မြောက်၍ အရည်အသွေးပြည့်ဝသည့် ဆရာ၊ဆရာမများပေါ်ထွန်းစေရေးအတွက် ပြုစုပျိုးထောင်ရန်၊

(ခ) ဆရာဖြစ်လက်မှတ်၊ ဆရာအတတ်ပညာဒီပလိုမာကဲ့သို့သော ကာလတိုသင်တန်းများ အစားပညာရေးဒီဂရီဘွဲ့အပ်နှင်း၍ အရည်အသွေးပြည့်ဝသော ဆရာ၊ဆရာမများကို မွေးထုတ်နိုင်ရန်၊

(ဂ) ပညာရေးကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများကို တတ်ကျွမ်းမှုအခြေပြု ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းများအဖြစ် စနစ်တကျအသေးစိတ် ပြင်ဆင် ရေးဆွဲ ဆောင်ရွက်ရန်၊

(ဃ) ပညာရေးကောလိပ်များကို BA/BSc (Education) အစီအစဉ်ဖြင့်ပညာရေး ဒီဂရီ ကောလိပ်များအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

## ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များအား (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်းအတွက် သင်ရိုးညွှန်းတမ်းပြုစုရေးသားခြင်း

၈။ အရည်အသွေးရှိပညာရေးကို ရရှိနိုင်ရန်အတွက် အရေးကြီးဆုံးသောအချက်သည် အရည်အသွေးရှိသော ဆရာ၊ဆရာမများ မွေးထုတ်ပေးရန်ဖြစ်သကဲ့သို့ ပညာရေးဦးတည်ချက်များ၊ ကျောင်းသား၊ကျောင်းသူများ၏ သင်ယူမှုရလဒ်ကောင်းများရရှိစေရန်အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများသည် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးစနစ်တစ်ခုလုံးကို အဆင့်မြှင့်တင်ရန် လိုအပ်သည်ဟု အကြံပြုထားပါသည်။

၉။ ပညာရေးဝန်ကြီးဌာနသည် ဩစတေးလျအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရ၊ အင်္ဂလန်နိုင်ငံအစိုးရတို့မှ ငွေကြေးအထောက်အပံ့နှင့် UNESCO Myanmar မှ နည်းပညာအထောက်အပံ့တို့ဖြင့် (Strengthening pre-service Teacher Education in Myanmar-STEM) Project ကို အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းခွင်ကြိုဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းနှင့်

သင်ကြားရေးနည်းလမ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၅ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။

၁၀။ နိုင်ငံတကာပညာရေးစနစ်များနှင့် အညီအခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ အခြေခံပညာအဆင့်တိုင်းတွင် ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှု အခြေပြုသင်ကြားသင်ယူမှုကို ဦးတည်ပြောင်းလဲသည်နှင့်အမျှ ဆရာအတတ်ပညာသင်ဌာနများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားနိုင်ရန်အဆင်သင့်ဖြစ်နေရမည့် ဆရာ၊ဆရာမများ လုံလောက်စွာမွေးထုတ်ရေးနှင့် သင်ကြားနည်းစနစ်အသစ်များအသုံးပြုသင်ကြားနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁။ လက်ရှိပညာရေးကောလိပ်များ၏ သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ခြင်း(မူကြမ်း)၊ သင်ရိုးရေးဆွဲရေးအတွက် ဆရာအတတ်ပညာရှင်များဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲမှုဗဟိုအဖွဲ့ကို ၂၀၁၆-ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

၁၂။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်၏ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ရေးဆွဲမှုကို UNESCO (Myanmar)၏ နည်းပညာအထောက်အပံ့ဖြင့် University College of London (UCL) နှင့် International Bureau of Education (IBE)တို့မှ နိုင်ငံတကာသင်ရိုးညွှန်းတမ်း ကျွမ်းကျင်ပညာရှင်များနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲမှု အရည်အသွေးရရှိစေမည့် သင်တန်းများ (Curriculum Development Skills Training)နှင့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ ပုံနှိပ်စာအုပ်(မူကြမ်း) ရေးဆွဲမှု အလုပ်ရုံဆွေးနွေးပွဲများ (Curriculum , Syllabi and Textbook Drafting Workshop)ကို ၂၀၁၇ခုနှစ်၊ ဇွန်လမှစတင်၍ သင်တန်းအလုပ်ရုံဆွေးနွေးပွဲ(၈)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၁၃။ တကြိမ်လျှင် (၅)ရက်ကြာ သင်ရိုးညွှန်းတမ်းဆိုင်ရာ အဓိကလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့အစီအစဉ်၏ သင်ရိုးညွှန်းတမ်း(မူကြမ်း)ရေးဆွဲမှု အလုပ်ရုံဆွေးနွေးပွဲများတွင် အဓိကသင်ကြားမည့် ဘာသာရပ်သင်ရိုးမာတိကာ (၇)ခု(subject syllabi)ရေးဆွဲမှုများနှင့် သင်ရိုးဝင်ဘာသာရပ်သင်ရိုးမာတိကာ (Core-curriculum) (subject syllabi)(၇)ခု ရေးဆွဲမှုများကို တပြိုင်တည်းဆောင်ရွက်ခဲ့ပါသည်။

၁၄။ ဘာသာရပ်သင်ရိုးမာတိကာ (Subject syllabi)တွင် ထည့်သွင်းရေးဆွဲရမည့် အဓိကသင်ယူရမည့်အကြောင်းအရာများ(Strand)၊ အဓိကသင်ယူရမည့် အကြောင်းအရာခွဲများ (Sub-strand)၊ သင်ယူမှုရလဒ်များ (Learning Outcomes)ကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် အရည်အသွေးရှိ သင်ရိုးညွှန်းတမ်းဖြစ်ရန်၊ ပြည်ပသင်ရိုးညွှန်းတမ်းပညာရှင်များ (Cambridge University Press)နှင့် ပြည်တွင်း၊ပြည်ပပညာရေးပညာရှင်များဖြင့် ဖွဲ့စည်းထားသော (Montrose Team)တို့နှင့် ဘာသာရပ်အလိုက် သင်ရိုးရေးဆွဲမှု ဗဟိုအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ ပထမနှစ်သင်ရိုးကို ရေးသားခဲ့ပါသည်။

၁၅။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်၏ သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (မူကြမ်း)တွင် သင်တန်းကာလမှာ(၄)နှစ်ဖြစ်ပြီး ပထမနှစ်နှင့်ဒုတိယနှစ်များကို (Foundation Year 1-2) အဖြစ်

လည်းကောင်း၊ တတိယနှစ်နှင့်စတုတ္ထနှစ်တွင် မူလတန်းဆရာအထူးပြု သင်ကြားမှု (Primary Specialization Track Year 3-4)နှင့် အလယ်တန်းဆရာ အထူးပြုသင်ကြားမှု (Lower Secondary Specialization Track Year 3-4) အဖြစ်လည်းကောင်း ရေးဆွဲသွားမည်ဖြစ်ပါသည်။

၁၆။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်၏ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်(မူကြမ်း)ကို နယ်ပယ်(၄)ခုဖြင့် ဖွဲ့စည်းထားပြီး (၁) ပညာရေးဆိုင်ရာလေ့လာမှုများ (Educational Studies)၊ (၂) သင်ရိုးညွှန်းတမ်းနှင့်သင်ကြားမှုနည်းပညာလေ့လာမှုများ (Curriculum and Pedagogy Studies)၊ (၃) လက်တွေ့တန်းပြ (Practicum)၊(၄) ပြန်လည်သုံးသပ်ခြင်းနှင့် အရေးကြီးသောကျွမ်းကျင်မှုများ (Reflective Practice and Essential Skills) တို့ဖြစ်ပါသည်။

၁၇။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်များအတွက် သင်ရိုးညွှန်းတမ်းအသစ်ကို ရေးဆွဲပြီး ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ရန်ကင်းပညာရေးကောလိပ်နှင့် မန္တလေးပညာရေး ကောလိပ်တို့တွင် အကြိုစမ်းသပ်သင်ကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းအကြို စမ်းသပ်သင်ကြား ခြင်းမှရရှိသည့် အကြံပြုချက်များဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးဇဟို အဖွဲ့ဝင်များနှင့် ရေးသားသည့် စာရေးဆရာများ ထပ်မံတွေ့ဆုံ၍ သင်ရိုးမာတိကာများကို ပြန်လည်ပြုပြင်ခဲ့ကြပါသည်။

၁၈။ ၎င်းသင်ရိုးညွှန်းတမ်းသည် activity -based ဖြစ်၍ activity တိုင်းတွင် Education for Sustainable Development (ESD)၏ concept များ ပါရှိစေရန်လည်း အလုပ်ရုံဆွေးနွေးပွဲကို ပထမနှစ်အတွက် ၂၀၁၉-ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကျင်းပခဲ့ပါသည်။

၁၉။ ဒုတိယနှစ် သင်ရိုးရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉-ခုနှစ်၊ ဇူလိုင်လတွင် တစ်ကြိမ်၊ စက်တင်ဘာလတွင် တစ်ကြိမ်ခေါ်ယူခဲ့ပြီးဖြစ်ပါသည်။ ၎င်းသင်ရိုးများရေးဆွဲရေးအလုပ်ရုံ ဆွေးနွေးပွဲ မတိုင်မီတွင် Education for Sustainable Development အတွက် အလုပ်ရုံဆွေးနွေးပွဲခေါ်ယူပြီး သင်ရိုးရေးဆွဲရေးအဖွဲ့ဝင်များအား ၂၀၁၉- ခုနှစ်၊ ဇွန်လနှင့် စက်တင်ဘာလတွင် (၂)ကြိမ်သင်တန်း ပေးပြီး ဆောင်ရွက်ခဲ့ပါသည်။ သင်ရိုးရေးဆွဲရေးတွင်ပါဝင်သည့် ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမ များသည် ESD ကို ပေါင်းစပ်၍ ထည့်သွင်းနိုင်ရန်၊ ဘာသာရပ်အကြောင်းအရာများနှင့် သင်ယူမှု ရလဒ်များတွင် ပေါင်းစပ်နိုင်ရန် ရည်ရွယ်ပြီး ESD ပညာရှင်(၅)ဦးအားဖိတ်ကြား၍ ဆောင်ရွက်ခဲ့ ပါသည်။

၂၀။ လက်တွေ့သင်ကြားခြင်းတွင် လက်တွေ့တန်းပြ(Practicum) လေ့ကျင့်ခြင်းအတွက် ကြိုတင် ပြင်ဆင်ခြင်း၊ လက်တွေ့တန်းပြလေ့ကျင့်သင်ကြားခြင်းနှင့် ပြန်လည်သုံးသပ် ဆွေးနွေးခြင်းတို့ ပါဝင် ပါသည်။ လက်တွေ့လေ့ကျင့်သင်ကြားခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းတွင် ပညာရေးကောလိပ် လေ့ကျင့်ရေး ကျောင်းတွင်ကြည့်ရှုလေ့လာခြင်း(Observation)နှင့် လေ့ကျင့်ရေးကျောင်းများနှင့် မိတ်ဖက်ကျောင်းများတွင် လက်တွေ့လေ့ကျင့်သင်ကြားခြင်းတို့ ပါဝင်ပါသည်။ ပညာရေးကောလိပ် ကျောင်းသား/သူများအား စာသင်ခန်းကြီးကြပ်ခြင်း၊ ကျောင်းပတ်ဝန်းကျင် အခြေအနေ(ဆရာ-တပည့် ဆက်ဆံရေး၊ ဆရာအချင်းချင်းဆက်ဆံရေး)တို့အပါအဝင် လက်တွေ့စာသင်ခန်း သင်ကြားရေးကို ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းတွင် သွားရောက်လေ့လာရန်နှင့် လေ့ကျင့်ရေးကျောင်းများ

နှင့် မိတ်ဖက်ကျောင်းများတွင် လက်တွေ့လေ့ကျင့်သင်ကြားရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းနှင့် မိတ်ဖက်ကျောင်းများတွင် လက်တွေ့လေ့ကျင့်သင်ကြားနိုင်ရန် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများ နှင့် ပူးပေါင်းညှိနှိုင်းကာ ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်သင်ကြားမှုကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈-ခုနှစ်၊ ဩဂုတ်လတွင် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်လည်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၁။ ပြန်လည်သုံးသပ်ခြင်းနှင့် မရှိမဖြစ်ကျွမ်းကျင်မှုများ (Reflective practice and Essential Skills) တို့တွင်မိမိကိုယ်တိုင်သင်ယူလေ့လာခြင်း၊ မိမိ၏သင်ကြားပို့ချမှုများကို ပြန်လည် သုံးသပ်ခြင်း၊ လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ရန်အတွက် နေ့စဉ် အချိန်(၁)နာရီ ပေးထားပြီး ရည်ရွယ်ချက်မှာ မိမိတို့၏တတ်မြောက်မှု၊ တိုးတက်မှုတို့တွင် မိမိကိုယ်တိုင်ကြိုးစားလေ့လာရှာဖွေ သင်ယူလိုစိတ်ရှိလာအောင် လေ့ကျင့်ပေးရန်ဖြစ်ပါသည်။

၂၂။ (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့အစီအစဉ်၏ သင်ရိုးမာတိကာများသည် စာပေဘာသာရပ် သီအိုရီသဘောတရားများ (academic content)နှင့် သင်ကြားနည်းပညာ (Pedagogy)တို့ ပေါင်းစပ်၍ ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း(Spiral Curriculum)၊ နက်နဲစွာသင်ယူမှု (Deep Learning)တို့ဖြင့် လက်တွေ့သင်ကြားမှု(Practicum) အလေ့အကျင့်များစွာရရှိစေရန် တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum)ကို ရေးဆွဲထားပါသည်။

၂၃။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်၏ တတ်ကျွမ်းမှုအခြေပြု ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းသည် တိုက်ရိုက်သင်ကြားပို့ချချက်များ (Direct Training Delivery)၊ တစ်ဦးချင်းစီ ဆောင်ရွက်ရန်လုပ်ငန်းများ (Individual Assignments)၊ လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်ရန် (Workplace learning)သင်ခန်းစာများဖြင့်ခေတ်နှင့်လျော်ညီစွာဖွဲ့စည်းထားပါသည်။ စာသင်ခန်းတွင်း အမှန်တကယ် လက်တွေ့ဆောင်ရွက်ရသည့်လုပ်ငန်းများကို အခြေခံလျက် သင်ကြားပို့ချခြင်း (lecture method)၊ ဆွေးနွေးခြင်း(Discussion)၊ တက်တက်ကြွကြွသင်ယူခြင်း (Active learning)၊ ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း(Reflection)နှင့် နောက်ဆက်တွဲလေ့လာမှုများ(Follow up work)၊သင်ကြားမည့် အကြောင်းအရာများကို စနစ်တကျဖွဲ့စည်း တည်ဆောက်ထားပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပိုမိုတိုးတက်စေရန် အချင်းချင်းအပြန်အလှန်ကူညီခြင်း(Peer support)၊ အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်သူ ဆရာ၊ဆရာမများက အနီးကပ်ကြည့်ရှုလေ့ကျင့်သင်ကြားပေးခြင်း (Coaching)၊ နည်းလမ်းပြသခြင်း(Mentoring)၊ ကိုယ်ပိုင်လေ့လာမှုပြုခြင်း(Self-study)၊ ကျောင်းအခြေပြု လက်တွေ့လေ့ကျင့်သင်တန်းများ(School-based training)ပေးခြင်းနှင့် မိမိကိုယ်တိုင်၏ လေ့ကျင့်သင်ပြမှုအပေါ် ပြန်လည်ထင်ဟပ်စဉ်းစား၊ ဆင်ခြင်၊ သုံးသပ်သည့် နည်းလမ်းများ(Reflective Practices)ဖြင့် ဆောင်ရွက်ရန်အားပေး တိုက်တွန်းထားပါသည်။

**ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းအသစ်အား မိတ်ဆက်သင်တန်းများပို့ချခြင်း**

၂၄။ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန်၊ အရည်အသွေးပြည့်ဝသော ဆရာ၊ဆရာမများမွေးထုတ်ပေးရန်ရည်ရွယ်၍ ဆရာအတတ်ပညာပြုပြင် ပြောင်းလဲရေးလုပ်ငန်းများဖြစ်သည့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလတွင်(၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့ အစီအစဉ်ဖြင့် အကောင်အထည်ဖော်မည့် အခြေအနေတို့ကို ပညာရေးကောလိပ်(၂၅)ကျောင်းနှင့်ပြည်နယ်၊ တိုင်းဒေသကြီး(၁၄)ခုရှိ ပညာရေးရုံး(၁၈)ခုတို့တွင် အသိပေးပြောကြားခြင်းကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လတွင် သတင်းအချက်အလက်များမျှဝေခဲ့ပြီးဖြစ်ပါသည်။

၂၅။ ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (Curriculum Framework)နှင့် သင်ရိုးမာတိကာ(Syllabi)ကို ၂၀၁၉ခုနှစ်၊မတ်လတွင် (၁)ကြိမ်၊မေလတွင် (၁)ကြိမ်ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရပ်ဆိုင်ရာအဖွဲ့(Board of Studies)တွင် တင်သွင်း၍ အတည်ပြုချက် ရယူခဲ့ပါသည်။ ပထမနှစ်၊ပထမနှစ်ဝက်၏သင်ရိုးမာတိကာ(Syllabi)၊ Student teachers များအတွက် text books နှင့် teacher educators များအတွက် teacher guides များကို ပညာရေးကောလိပ်များရှိ ဆရာ၊ ဆရာမများအတွက် မိတ်ဆက်သင်တန်းများ ပို့ချနိုင်ရန်အတွက် စီစဉ်ပြီးဖြစ်ပါသည်။

၂၆။ ၎င်းမိတ်ဆက်သင်တန်း (Orientation Training) များကို Cluster (၈)ခုခွဲ၍ ပညာရေးကောလိပ်(၂၅)ကျောင်းရှိ ဆရာ၊ ဆရာမ (**၁၉၁၉)ဦး**ကို သင်တန်းပေးရန်အတွက် ၂၀၁၉-ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ဆောင်ရွက်သွားပါမည်။ Cluster (၁)ခုတွင် ပညာရေးကောလိပ်(၃)ကျောင်းနှုန်းစီဖြင့် ပျမ်းမျှ ဆရာမ(**၂၅၀**)ဦးခန့်ကို အောက်တိုဘာလတွင် ပထမအကြိမ် (၅)ရက်တာ သင်တန်းပေးမည်ဖြစ်ပြီး ပညာရေးကောလိပ်များရှိ (၂)နှစ်သင် သင်တန်းအစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်များ**သို့** တိုးမြှင့်ရာတွင် သင်ရိုးညွှန်းတမ်းအပေါ် ယေဘုယျခြုံငုံသုံးသပ်မှုများ**နှင့်** သင်ရိုးညွှန်းတမ်းဖွဲ့စည်းရေးသားမှုကို မိတ်ဆက်ပို့ချမည်ဖြစ်ပါသည်။

၂၇။ ဒုတိယအကြိမ် (၅)ရက်တာ သင်တန်းများကို နိုဝင်ဘာလတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် (၄)နှစ်သင်ပညာရေး **အထူးပြုဘွဲ့အစီအစဉ်၏** ပထမနှစ်၊ ကျောင်းသားကိုင်ပုံနှိပ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များရေးသားမှု၊ ဘာသာရပ်အဖွဲ့များအလိုက် Subject syllabi များကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ သရုပ်ပြသင်ကြားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၈။ အဆိုပါ သင်တန်းတွင်ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့ဝင်များနှင့် ယူနက်စကိုမှတာဝန်ရှိသူများ**သည်** သင်တန်းနည်းပြများ အဖြစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ သင်တန်းများအား သက်ဆိုင်ရာ Cluster အလိုက်ကျင်းပဆောင်ရွက်မည့် အစီအစဉ်များကို နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။

**(၄)နှစ်သင် ပညာရေးအထူးပြုဘွဲ့အစီအစဉ်များသို့ တိုးမြှင့်ဖွင့်လှစ် နိုင်ရေးအတွက် လိုအပ်သော အရင်းအမြစ်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆရာလိုအပ်ချက်များ တွက်ချက်ခြင်း**

**၂၉။** မြန်မာနိုင်ငံအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(NESP) ၂၀၁၆–၂၀၂၁ အရ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် (၂)နှစ်သင်သင်တန်း အစီအစဉ်မှ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်သို့ တိုးမြှင့်ရာတွင် လိုအပ်မည့် student teacher များ ခန့်မှန်းတွက်ချက်ခြင်း၊ လက်ရှိလူသားအရင်းအမြစ်နှင့် အဆိုပြုထားသော အထူးပြုသင်ကြားမှု သင်တန်းအစီအစဉ်အသစ်တို့နှင့် ဆက်စပ်၍ (Master Plan)ရေးဆွဲပြီး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃၀။ အဆင့်မြင့်ပညာဦးစီးဌာန(ဆရာအတတ်)သည် ပညာရေးကောလိပ်များရှိ (၂)နှစ်သင် အစီအစဉ်များကို အဆင့်တိုးမြှင့်ရေးအတွက် Master Plan ရေးဆွဲမှုကိုအခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ မူလတန်းနှင့် အလယ်တန်းဆရာလိုအပ်ချက်တွက်ချက်မှုများ၊ ပညာရေးကောလိပ် student teacher ခေါ်ယူမှုအစီအစဉ်များ၊ ပညာရေးကောလိပ် ဝန်ထမ်းအသစ်ခန့်ထားမှုများစသည်တို့ကို ခန့်မှန်း တွက်ချက်မှု ပုံစံရေးဆွဲရန် UNESCO International Institute for Educational Planning (IIEP)တို့နှင့်ပူးပေါင်း၍ ပညာရေးကောလိပ်များ အဆင့်တိုးမြှင့်မှုအစီအစဉ်အတွက် ကြိုတင်ခန့်မှန်း တွက်ချက်ခြင်းနှင့် ပုံဖော်တွက်ချက်ခြင်းပုံစံများ (Projection and Simulation Models)တို့ဖြင့် အချက်အလက်များ တွက်ချက်ပြင်ဆင်မှုများ၏ အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၌ ၂၀၁၇–ခုနှစ်၊ အောက်တိုဘာလတွင် (၁)ကြိမ်၊ ၂၀၁၈–ခုနှစ်ဩဂုတ်လတွင် (၁)ကြိမ်ကျင်းပခဲ့ပါသည်။

၃၁။ ထို့နောက် အရင်းအမြစ်တွက်ချက်မှု Resource Plan (မူကြမ်း)ကို ရေးဆွဲခဲ့ပြီး လိုအပ်သော အရင်းအမြစ်များ (ဘဏ္ဍာငွေ) ခန့်မှန်းလျာထားတွက်ချက်မှုများဖြင့် Scenario အနာဂတ်ခန့်မှန်း တွက်ချက်မှုပုံစံ(၄)မျိုးကို တွက်ချက်ခဲ့ပါသည်။ အနာဂတ်ခန့်မှန်းတွက်ချက်မှုပုံစံ (scenario)သည် အကောင်းဆုံးရွေးချယ်မှုပြုလုပ်နိုင်ရန် အဆိုပြုချက်မူကြမ်းနှင့် ယူဆချက်မူကြမ်းတစ်ခုဖြစ်သည် နှင့်အညီ ကုန်ကျစရိတ်၊ ဘဏ္ဍာငွေသုံးစွဲမှုများကို အညွှန်းကိန်းတစ်ခုအဖြစ်အသုံးပြုနိုင်ရန် ဦးတည် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၃၂။ အနာဂတ်ခန့်မှန်းတွက်ချက်မှုပုံစံထည့်သွင်းစဉ်းစားသည့်အချက်များမှာ –

(၁) ပညာရေးကောလိပ်အဆင့်တိုးမြှင့်ခြင်းအတွက် ပြီးပြည့်စုံမည့် အချိန်ကာလနှုန်းထား၊

(၂) ကျောင်းသား၊ကျောင်းသူများအတွက် အိပ်ဆောင်ပံ့ပိုး ဆောက်လုပ်နိုင်ခြင်း၊

(၃) ဝန်ထမ်းအိမ်ယာ ထောက်ပံ့ပေးနိုင်ခြင်း၊

(၄) ကျောင်းသား၊ဆရာ၊စာသင်ခန်းအချိုးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် စီစဉ်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

၃၃။ အဆိုပါ အနာဂတ်ခန့်မှန်းတွက်ချက်မှုပုံစံအား **အတည်ပြုချက် ရရှိပြီးပါက** (၂၀၁၉–၂၀၂၀) ဘဏ္ဍာရေးနှစ်အထိ (၁၀)နှစ်တာကာလအတွင်း အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

**တွေ့ကြုံနိုင်မည့်စိန်ခေါ်မှုများ**

၃၄။ (၂) နှစ်သင်ပညာရေးအစီအစဉ်များကို (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်များအဖြစ် အဆင့်မြှင့်တင်ခြင်းကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံနိုင်မည့်စိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) (၄) နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအသစ် ပြုပြင်ရေးဆွဲ၍ သင်ကြားရေးဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ လုံလောက်စွာဖြည့်ဆည်းခန့်ထားနိုင်ရန် ဆောင်ရွက်ရမည့်စိန်ခေါ်မှု၊

(၂) အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့် သင်ကြား၊သင်ယူမှုတိုးတက်အောင် အထောက်အကူပြုပေးနိုင်သည့် ရုပ်ဝတ္ထုပစ္စည်းများ (Infrastructure)များဖြစ်သည့် စာသင်ဆောင်၊ အိပ်ဆောင်၊ ခန်းမ၊ ဝန်ထမ်းအိမ်ရာ၊ စာကြည့်တိုက်၊ Internet Access၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်း၊ ရေမီးများပြည့်စုံလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဘဏ္ဍာငွေ (Budget)များ နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်အောင် ဆောင်ရွက်ရမည့် စိန်ခေါ်မှု၊

(၃) (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့ အစီအစဉ်များသို့ တိုးမြှင့်ဖွင့်လှစ်ပါက မဟာဘွဲ့ရနှင့် မဟာပညာရေးဘွဲ့ရဆရာ၊ ဆရာမများစွာကိုပိုမိုခန့်ထားရမည့်စိန်ခေါ်မှု၊

(၄) အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကို အခြေခံ၍လည်းကောင်း၊ ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်ကို အခြေခံ၍လည်းကောင်း ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းရေးဆွဲရခြင်း၊ အခြေခံပညာအဆင့်တိုင်းအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲမှု မပြီးဆုံးမီ ဆရာအတတ်ပညာသင်ရိုးကို ရေးဆွဲရသဖြင့် တွေ့ကြုံရသောစိန်ခေါ်မှု၊

(၅) ပထမနှစ်သင်ရိုးညွှန်းတမ်းအသစ်အတွက် ပညာရေးကောလိပ်ဆရာ၊ ဆရာမများအားသင်တန်းပို့ချပေးရမည့် စိန်ခေါ်မှု၊

(၆) တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဖြစ်၍ ဆရာ၊ဆရာမများအတွက် အမှန်တကယ် အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိစေရန်ဆောင်ရွက်ရာ၌ တွေ့ကြုံရမည့် စိန်ခေါ်မှု၊

(၇) ပထမနှစ်သင်ရိုးညွှန်းတမ်း ပြုစုပြီးစီး၍ ပုံနှိပ်စာအုပ်၊ ဆရာကိုင်စာအုပ်များ လုံလောက်စွာ ရိုက်နှိပ် ဖြန့်ဝေပေးရမည့် စိန်ခေါ်မှု၊

(၈) ပထမနှစ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ ပုံနှိပ်စာအုပ်နှင့် ဆရာကိုင်စာအုပ်(မူကြမ်း) များ ရေးဆွဲပြီးသော်လည်း ကျန်ပညာသင်နှစ်များအတွက် ဆက်လက်ရေးဆွဲရမည့် စိန်ခေါ်မှု၊

(၉) ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာတို့ကို နှစ်စဉ်(သို့မဟုတ်) (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ရန်လိုအပ်ခြင်း၊ ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းများ ဆောင်ရွက်ရမည့် စိန်ခေါ်မှု၊

(၁၀) ဆရာ၊ဆရာမများအား လေ့ကျင့်ရေးကျောင်းများနှင့် မိတ်ဖက်ကျောင်းများတွင် လက်တွေ့တန်းပြဆင်းနိုင်ရန်ဆောင်ရွက်ပေးခြင်းနှင့် ၎င်းတို့အားကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည့် စိန်ခေါ်မှု၊

(၁၁) မူလတန်းနှင့်အလယ်တန်းအထူးပြု ဆရာ၊ဆရာမများမွေးထုတ်ပေးမည့် သင်ရိုးညွှန်းတမ်းဖြစ်သည့်အတွက် ဆရာ၊ဆရာမများခန့်ထားခြင်း၊ ရာထူးတိုးခြင်းများအတွက် စီစဉ်ဆောင်ရွက်ရမည့်စိန်ခေါ်မှု၊

**ရရှိမည့်အကျိုးကျေးဇူးများ**

၃၆။ ပညာရေးကောလိပ်များရှိ (၂)နှစ်သင်ပညာရေးအစီအစဉ်များကို (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ပါက အောက်ပါအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်-

(၁) တတ်ကျွမ်းမှုအခြေပြု ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းရေးဆွဲမှုကို ဆောင်ရွက်ရသဖြင့် သင်ရိုးပြုစုရေးနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ ချဉ်းကပ်နည်းများရရှိခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးဆိုင်ရာ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ အသိပညာဗဟုသုတများစွာရရှိခြင်း၊

(၂) တတ်ကျွမ်းမှုအခြေပြု ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံဖြင့်တည်ဆောက်ထားပြီး လေးနှစ်တာကာလအတွင်း နှစ်အလိုက်သင်ယူလေ့လာပြီးသည့် အကြောင်းအရာများကို ပိုမို၍ နက်ရှိုင်းစွာ သိရှိနားလည်သဘောပေါက်စေရန်အတွက် နောက်တစ်ကြိမ်ထပ်မံချဲ့ထွင် သင်ယူခွင့်ရရှိနိုင်ခြင်း၊ မိမိတို့သင်ယူထားသည်များကို နောက်တစ်ကြိမ် ပြန်လည်လေ့လာနိုင်ခြင်း၊ စမ်းသပ်ကြည့်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လက်တွေ့လေ့ကျင့်ပြုလုပ်နိုင်ခြင်းနှင့် သုံးသပ်ဆင်ခြင်နိုင်ခြင်းတို့ကို ပိုမိုလုပ်ဆောင်နိုင်မည့် အခွင့်အရေးများနှင့် အောင်မြင်သည့် လေ့ကျင့်ဆောင်ရွက်မှုများကို အချင်းချင်းမျှဝေနိုင်သည့် အခွင့်အလမ်းများရရှိစေခြင်း၊

(၃) သင်ရိုးညွှန်းတမ်းအသစ်တွင် လက်တွေ့လေ့ကျင့်သင်ကြားမှု အချိန်ခွဲဝေမှု ပိုမိုရရှိစေရန် စီစဉ်ရေးဆွဲထားခြင်းဖြင့်လည်းကောင်း၊ ဆရာအတတ်ပညာ ဆရာ၊ဆရာမလောင်းများသည် ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများနှင့် အခြေခံပညာမိတ်ဖက်ကျောင်းများသို့ သွားရောက်၍ သင်ကြားသင်ယူမှုကို ကြည့်ရှုလေ့လာခြင်း၊ လက်တွေ့လေ့ကျင့် သင်ကြားမှုများပြုလုပ်ရာတွင် ပညာရေးကောလိပ်များမှ ဆရာ၊ဆရာမများက ကြီးကြပ်မှုပေးနိုင်ခြင်းနှင့် အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ သီအိုရီနှင့် လက်တွေ့ပေါင်းစပ်သင်ကြားမှု အလေ့အကျင့်များစွာရရှိပြီး လုပ်ငန်းခွင်တွင် သင်ကြားရန် အဆင်သင့်ဖြစ်စေနိုင်ခြင်း စသည့် ယခင်ကထက်ပိုမို၍ အကျိုးကျေးဇူးများစွာရရှိခြင်း၊

(၄) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်း၏ အရည်အသွေးကိုမြှင့်တင်နိုင်မည် ဖြစ်သဖြင့် အရည်အသွေးပြည့်ဝပြီး ရင့်ကျက်သောဆရာကောင်း၊ ဆရာမွန်များ မွေးထုတ်နိုင်ခြင်း၊

(၅) အခြေခံပညာကျောင်းများတွင် ဘွဲ့ရနေ့စားလပေးဆရာများခန့်အပ်သည့် စနစ်ကို ကျင့်သုံးရန် မလိုအပ်တော့ဘဲ နှစ်စဉ်အခြေခံပညာကျောင်းများ၏ ဆရာဆရာမ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း၊

(၆) ဆရာအတတ်ပညာနှင့်ဆိုင်သော ပညာရေးဘွဲ့ကို အချိန်ကာလပြည့်စုံ လုံလောက်စွာ ဖြင့် သင်ယူနိုင်မည်ဖြစ်သဖြင့် ဆရာတစ်ယောက်တွင်ရှိသင့်သော ကိုယ်ရည် ကိုယ်သွေး၊ အပြုအမူအနေအထိုင်၊ အပြောအဆိုများကိုပြည့်ဝလာရန် လေ့ကျင့်ပေးနိုင် ခြင်း၊

(၇) (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကို (၄)နှစ်တာကာလတွင်ဘွဲ့ပေးအပ်နိုင်ခြင်း

(၈) သင်ယူမှုအခွင့်အလမ်းများပိုမိုရရှိပြီး စဉ်ဆက်မပြတ် ဆရာအတတ်ပညာ အရည် အသွေးတိုးမြှင့်အောင် ဆောင်ရွက်နိုင်ခြင်း (Continuous Professional Development – CPD)၊

**နိဂုံး**

၂၇။ (၄)နှစ်သင်ပညာရေး အထူးပြုဘွဲ့အစီအစဉ်၏ ပထမနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်း ကို ပညာရေးကောလိပ် ကျောင်း(၂)ကျောင်းတွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလမှ စတင်ကာ အကြိုစမ်းသပ်သင်ကြားခြင်း (Piloting) ပြုလုပ်ပြီး ရလဒ်များအပေါ် အခြေခံ၍ သင်ရိုး ညွှန်းတမ်း ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ပြီး ၂၀၁၉-ခုနှစ်၊ ဒီဇင်ဘာလတွင် ပညာရေး ကောလိပ်များရှိ (၂)နှစ်သင်တန်းအစီအစဉ်များကို (၄)နှစ်သင် ပညာရေးဘွဲ့သင်တန်းများအဖြစ် စတင် ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၈။ (၂)နှစ်သင်ဒီပလိုမာသင်တန်းမှ (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့သင်တန်းသို့ တိုးမြှင့်ဖွင့်လှစ် နိုင်ရန်အတွက် လိုအပ်သောမူဝါဒများကို ဆုံးဖြတ်ချက်ချပေးရန်၊ လိုအပ်သည့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်းအပြင် ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များဖြစ်သည့် အဆောက်အဦ၊ ပရိဘောဂ ပစ္စည်းများအတွက် ဘဏ္ဍာငွေအသုံးစရိတ်များကြိုတင် တွက်ချက်တင်ပြခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် သင်ကြားမှုအရည်အသွေး ပြည့်ဝသောလူ့စွမ်းအားအရင်းအမြစ် ဆရာ၊ ဆရာမများ လိုအပ်ချက်တွက်ချက်၍ ဖြည့်ဆည်းနိုင်ရေးတို့ကိုကြိုတင် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၉။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းသုံးသပ်ခြင်း၊ ရေးဆွဲခြင်းများကို နှစ်အလိုက် ဆက်လက်

အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ လက်ရှိ(၂)နှစ်သင် ဆရာအတတ်ပညာသင်တန်းအစီအစဉ်များကို (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်းဖြင့် အရည်အသွေးပြည့်ဝပြီး ဆရာအတတ်ပညာကို စနစ်တကျ လေ့လာနိုင်မည့် ရင့်ကျက်သောဆရာကောင်း၊ ဆရာမွန်များကို မွေးထုတ်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ

(၄)နှစ်သင်ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းအသစ်သင်တန်း (TOT– Training)

| စဉ် | ရက်စွဲ | ပညာရေးကောလိပ်<br>ကျောင်းအမည် | ပညာရေးကောလိပ်<br>ကျောင်းအမည် |
|---|---|---|---|
| ၁ | ၁–၁၀–၂၀၁၉ရက်နေ့မှ<br>၅–၁၀–၂၀၁၉ရက်နေ့ထိ<br>(ပထမအသုတ်)<br>၂၈–၁၀–၂၀၁၉ရက်နေ့မှ<br>၁–၁၁–၂၀၁၉ရက်နေ့ထိ<br>(ဒုတိယအသုတ်)<br>စုစုပေါင်း (၁၀) ရက် | **ရန်ကင်းပညာရေးကောလိပ်<br>Cluster (1)**<br>(၁)သင်္ဃန်းကျွန်းပညာရေးကောလိပ်<br>(အားလုံး)<br>(၂)ကျောက်ဖြူပညာရေးကောလိပ်<br>(အားလုံး)<br>(၃) လှည်းကူးပညာရေးကောလိပ်<br>(အားလုံး)<br>(၄)ထားဝယ်ပညာရေးကောလိပ်<br>(ပညာရေး၊ ဘာသာစကား၊<br>သင်ပြနည်း၊ ဖွံ့ဖြိုးရေး)<br>ဘာသာရပ်သင် ဆရာ/မ များ+<br>ဌာနမှူးများ)<br>**စုစုပေါင်း – ၂၇၆ဦး** | **မန္တလေးပညာရေး<br>ကောလိပ် Cluster(5)**<br>(၁) မန္တလေးပညာရေး<br>ကောလိပ်(အားလုံး)<br>(၂) လားရှိုးပညာရေး<br>ကောလိပ်(အားလုံး)<br>(၃)မြစ်ကြီးနားပညာ<br>ရေးကောလိပ်(အားလုံး)<br>(၄) မုံရွာပညာရေး<br>ကောလိပ် (ပညာရေး၊<br>ဘာသာစကား၊သင်ပြနည်း၊<br>ဖွံ့ဖြိုးရေး) ဘာသာရပ်သင်<br>ဆရာ/မ များ+ဌာနမှူးများ)<br>**စုစုပေါင်း – ၃၀၀ဦး** |
| ၂ | ၇–၁၀–၂၀၁၉ရက်နေ့မှ<br>၁၁–၁၀–<br>၂၀၁၉ရက်နေ့ထိ<br>(ပထမအသုတ်)<br>၄–၁၁–၂၀၁၉ရက်နေ့မှ<br>၈–၁၁–၂၀၁၉ရက်နေ့ထိ<br>(ဒုတိယအသုတ်)<br>**စုစုပေါင်း (၁၀) ရက်** | **ပုသိမ်ပညာရေးကောလိပ်<br>Cluster (2)**<br>(၁) ပုသိမ်ပညာရေးကောလိပ်<br>(အားလုံး)<br>(၂) မြောင်းမြပညာရေးကောလိပ်<br>(အားလုံး)<br>(၃) ဘိုကလေးပညာရေးကောလိပ်<br>(အားလုံး)<br>(၄) ဘားအံပညာရေးကောလိပ်<br>(ပညာရေး၊ ဘာသာစကား၊<br>သင်ပြနည်း၊ ဖွံ့ဖြိုးရေး)<br>ဘာသာရပ်သင် ဆရာ/မများ+<br>ဌာနမှူးများ)<br>**စုစုပေါင်း – ၂၇၀ဦး** | **မကွေးပညာရေးကောလိပ်<br>Cluster (6)**<br>(၁) မကွေးပညာရေး<br>ကောလိပ်(အားလုံး)<br>(၂) ပခုက္ကူပညာရေး<br>ကောလိပ်(အားလုံး)<br>(၃) မိတ္ထီလာပညာရေး<br>ကောလိပ်(အားလုံး)<br>(၄) ဟားခါးပညာရေး<br>ကောလိပ် (ပညာရေး၊<br>ဘာသာစကား၊သင်ပြနည်း၊<br>ဖွံ့ဖြိုးရေး) ဘာသာရပ်သင်<br>ဆရာ/မ များ+ဌာနမှူးများ)<br>**စုစုပေါင်း – ၂၉၀ဦး** |

| စဉ် | ရက်စွဲ | ပညာရေးကောလိပ်<br>ကျောင်းအမည် | ပညာရေးကောလိပ်<br>ကျောင်းအမည် |
|---|---|---|---|
| ၃ | ၁၅-၁၀-၂၀၁၉ရက်နေ့မှ<br>၁၉-၁၀-၂၀၁၉ရက်နေ့<br>ထိ (ပထမအသုတ်)<br>၁၂-၁၁-၂၀၁၉ရက်နေ့မှ<br>၁၆-၁၁-၂၀၁၉ရက်နေ့<br>ထိ (ဒုတိယအသုတ်)<br>**စုစုပေါင်း (၁၀) ရက်** | **မော်လမြိုင်ပညာရေးကောလိပ်<br>Cluster (3)**<br>(၁) မော်လမြိုင်ပညာရေးကောလိပ်<br>(အားလုံး)<br>(၂) ဘားအံပညာရေးကောလိပ်<br>(စာပေ)ဘာသာရပ်သင် ဆရာ/မ<br>များ+ ဌာနမှူးများ<br>(၃) ထားဝယ်ပညာရေးကောလိပ်<br>(စာပေ)ဘာသာရပ်သင် ဆရာ/မ<br>များ+ ဌာနမှူးများ<br>**စုစုပေါင်း - ၁၂၄ဦး** | **စစ်ကိုင်းပညာရေး<br>ကောလိပ် Cluster (7)**<br>(၁) စစ်ကိုင်းပညာရေး<br>ကောလိပ်(စာပေ)<br>ဘာသာရပ်သင်ဆရာ/မ<br>များ+ဌာနမှူးများ<br>(၂) မုံရွာပညာရေး<br>ကောလိပ်(စာပေ)<br>ဘာသာရပ်သင်ဆရာ/မ<br>များ+ဌာနမှူးများ<br>(၃) ဟားခါးပညာရေး<br>ကောလိပ်(စာပေ)<br>ဘာသာရပ်သင်ဆရာ/မ<br>များ+ဌာနမှူးများ<br>**စုစုပေါင်း - ၁၃၃ဦး** |
| ၄ | ၂၁-၁၀-၂၀၁၉ရက်နေ့မှ<br>၂၅-၁၀-၂၀၁၉ရက်နေ့<br>ထိ (ပထမအသုတ်)<br>၁၈-၁၁-၂၀၁၉ရက်နေ့မှ<br>၂၂-၁၁-၂၀၁၉ရက်နေ့ထိ<br>(ဒုတိယအသုတ်) | **ရန်ကင်းပညာရေးကောလိပ်<br>Cluster (4)**<br>(၁) ရန်ကင်းပညာရေးကောလိပ်<br>(အားလုံး)<br>(၂) ပြည်ပညာရေးကောလိပ်<br>(အားလုံး)<br>**စုစုပေါင်း - ၁၈၉ဦး** | **တောင်ကြီးပညာရေး<br>ကောလိပ် Cluster (8)**<br>(၁) တောင်ကြီးပညာရေး<br>ကောလိပ်(**အားလုံး**)<br>(၂) လွိုင်ကော်ပညာရေး<br>ကောလိပ်(စာပေ)<br>ဘာသာရပ်သင်ဆရာ/မ<br>များ+ဌာနမှူးများ<br>(၃) ကျိုင်းတုံပညာရေး<br>ကောလိပ်(စာပေ)<br>ဘာသာရပ်သင်ဆရာ/မ<br>များ+ဌာနမှူးများ<br>**စုစုပေါင်း - ၁၂၅ဦး** |